ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate – ECC)**

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၀၆ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - Mr. Zhiping Li (Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Vicsong (Myanmar) Footwear Company Limited<br>ဦးပိုင်အမှတ် (၂+၄၂)၊ ကွင်းအမှတ်-(၆၂၀-က/ မဲခုန်အနောက်ကွင်း/ OSS-79၊ ကြေးတိုင်ပြင်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု)၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။<br>ဖုန်း-၀၉ ၄၀၂၆၅၄၃၇၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၂၀.၀၅) ဧက (၁၆၁၈၇.၄၄ စတုရန်းမီတာ) |
| (စ) | **စီမံကိန်းတည်နေရာ** | - ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၂+၄၂)၊ ကွင်းအမှတ်-၆၂၀-က/ မဲခုန်အနောက်ကွင်း/ OSS-79/ ကြေးတိုင်ပြင်ကွင်း။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၇-၈-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၆-၈-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၇-၆-၂၀၂၃ ရက်စွဲပါ စာဖြင့် တင်ပြသည့် **"ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ"** |



၂၇.၉.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## Vicsong (Myanmar) Footwear Company Limited မှ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Vicsong (Myanmar) Footwear Company Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၂+၄၂)၊ ကွင်းအမှတ်-၆၂၀-က/ မဲခုန်အနောက်ကွင်း/ OSS-79/ ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ (၂၀.၀၅) ဧက (၁၆၁၈၇.၄၄ စတုရန်းမီတာ) တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၇-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ (၁၄၅၁/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း Myanwei Consulting Co.,Ltd. မှ ပြုစုသော အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Zhiping Li ၊ Director ၊ Vicsong (Myanmar) Footwear Company Limited၊ ဦးပိုင်အမှတ် (၂+၄၂)၊ ကွင်းအမှတ် – (၆၂၀-က/ မဲခုန်အနောက်ကွင်း/ OSS–79၊ ကြေးတိုင်ပြင်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု)၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၀၂၆၅၄၃၇၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် ဖိနပ်အပေါ်ပိုင်းချုပ်လုပ်ခြင်းအဆင့်တွင် ကုန်ကြမ်းများဖြတ်တောက်ခြင်း၊ ထုတ်လုပ်ရန်ပြင်ဆင်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ချုပ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဖိနပ်အောက်ပိုင်းချုပ်လုပ်ခြင်းအဆင့်တွင် ကော်စပ်ခြင်း၊ အောက်ခံပိုင်းဖြတ်ခြင်း၊ အောက်ခံတွဲစပ်ခြင်း၊ ထိုမှတစ်ဆင့် ဖိနပ်အပေါ်ပိုင်းနှင့် အောက်ပိုင်းပေါင်းစပ်ချုပ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းတို့ကိုဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် Yarns၊ Nylon၊ Leather (Synthetic) နှင့် ထုပ်ပိုးအိတ် စသည့်လိုအပ်သော ဆက်စပ်ပစ္စည်းများကို တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအင်အားစုစုပေါင်း (၁,၅၄၅) ဦးဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နှစ်စဉ်ကုန်ထုတ်လုပ်မှုပမာဏမှာ အရံပေါင်း (၁၅) သိန်းခန့်ရှိကြောင်း၊ လိုအပ်သောသောက်သုံးရေ အသုံးပြုမှုအနေဖြင့် မြေအောက်ရေကို သောက်သုံးရေသန့်စင်စက် တပ်ဆင်အသုံးပြုခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို ၁,၀၀၀ kVA ထရန်စဖော်မာ (၂) လုံးနှင့် ၁၁၀ kVA ထရန်စဖော်မာ (၁) လုံးတို့မှ ၄.၈ မဂ္ဂါဝပ် အသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်တွင် အသုံးပြုရန်အတွက် ၈၈၀ kVA နှင့် ၁၀၀

kVA မီးစက်တို့အား အသင့်ထားရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို စက်သုံးဆီသိုလှောင်သည့်နေရာတွင် ဂါလန် ၃၀၀ ခန့် သိုလှောင်ထားရှိမည်ဖြစ်ပြီး တစ်လလျှင် ဂါလန် (၄၀) ခန့်အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ လုပ်ငန်းအတွက်လိုအပ်သော စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

| No. | Particular | Unit | Quantity |
|---|---|---|---|
| 1 | Nesh belt laminating machine | Set | 11 |
| 2 | Belt laminating machine | Set | 1 |
| 3 | Hydraulic plane cutting machine | Set | 35 |
| 4 | Hydraulic swing arm cutting machine | Set | 5 |
| 5 | Single needle post bed fully automatic thread trimming, backtracking, presser life sewing machine | Set | 256 |
| 6 | Double needle post bed fully automatic thread trimming, backtracking, presser life sewing machine | Set | 128 |
| 7 | Cylinder bed unison feed zigzag sewing machine | Set | 2 |
| 8 | Zigzag sewing machine | Set | 64 |
| 9 | Direct drive semi-dry top variable feed lockstitch sewing machine with auto trimming | Set | 5 |
| 10 | Stroble machine/automatic lurrication dis feed over seaming machine | Set | 12 |
| 11 | Leather skiving machine | Set | 20 |
| 12 | Single needle post bed sewing machine | Set | 96 |
| 13 | Double needle post bed sewing machine | Set | 64 |
| 14 | Single needle cylinder bed unison feed sewing machine | Set | 32 |

| No. | Particular | Unit | Quantity |
|---|---|---|---|
| 15 | Edge trimming machine | Set | 5 |
| 16 | Heel seaming and modular machine | Set | 5 |
| 17 | Single needle feed lockstitch sewing machine | Set | 3 |
| 18 | Band knife splitting machine | Set | 2 |
| 19 | Computerized pattern sewing machine (1310) | Set | 6 |
| 20 | Computerized pattern sewing machine (3020) | Set | 20 |
| 21 | Fully automatic chicken eye machine | Set | 32 |
| 22 | Automatic riveting machine | Set | 8 |
| 23 | Semi-automatic chicken eye machine | Set | 15 |
| 24 | Pneumatic punch | Set | 32 |
| 25 | White plastic spray machine | Set | 64 |
| 26 | Vertical hammering machine | Set | 64 |
| 27 | Automatic transmission on the plastic folding machine | Set | 5 |
| 28 | Cementing machine | Set | 10 |
| 29 | Hot air seam sealing machine | Set | 3 |
| 30 | Direct-drive locked stitcher | Set | 5 |
| 31 | Belt cutting machine | Set | 5 |
| 32 | Pneumatic ironing machine | Set | 10 |
| 33 | Oil pressure welding machine | Set | 8 |
| 34 | Rubber belt conveyor | Set | 6 |
| 35 | Rapidly heat setting machine | Set | 6 |
| 36 | Two-layer N.I.R lights cement drying & Activating conveyor | Set | 6 |
| 37 | Rapidly cooling machine | Set | 6 |
| 38 | Packing rubber belt conveyor | Set | 6 |
| 39 | Plane type germicidal oven 2 m | Set | 6 |
| 40 | Plane type germicidal oven 2.5 m | Set | 12 |
| 41 | Toe lasting machine | Set | 12 |
| 42 | Heel seat lasting machine | Set | 6 |
| 43 | Automatic under floater marking machine | Set | 12 |
| 44 | Single head roughing machine | Set | 6 |
| 45 | Sole pressing machine | Set | 6 |
| 46 | Pneumatic grinder with dust collector | Set | 12 |
| 47 | Scavenger type double cooling and double heat shaping machine | Set | 6 |
| 48 | Upper steaming and wetting softening machine (4 pipes) | Set | 6 |

| No. | Particular | Unit | Quantity |
|---|---|---|---|
| 49 | Pressure holding hot melt spraying machine | Set | 6 |
| 50 | Table type gluing machine | Set | 6 |
| 51 | Cross bending machine | Set | 6 |
| 52 | Hydraulic rapid pressing machine | Set | 6 |
| 53 | Standing side pressing front of back closing machine | Set | 6 |
| 54 | Single head grinding machine | Set | 3 |
| 55 | Double thread lockstitch seated type shoe border stitcher | Set | 12 |
| 56 | UV Ultraviolet lighting machine | Set | 1 |
| 57 | Automatic or boot vamp molding machine | Set | 2 |
| 58 | Steam conditioning machine | Set | 6 |
| 59 | Super anti-jamming detector | Set | 6 |
| 60 | Mildew resistance can spray machine | Set | 6 |
| 61 | Slipping machine | Set | 6 |
| 62 | Slipping machine | Set | 6 |
| 63 | PU Glue brush glue machine | Set | 4 |
| 64 | Dehumidifier | Set | 1 |
| 65 | Screw air compressor (40H1) | Set | 1 |
| 66 | Screw air compressor (30H1) | Set | 1 |
| 67 | Screw air compressor (20H1) | Set | 1 |
| 68 | Freeze drier (50AC) | Set | 1 |
| 69 | Freeze drier (30AC) | Set | 1 |
| 70 | Freeze drier (20AC) | Set | 6 |
| 71 | Gas storage tank | Set | 3 |
| 72 | Water cooling tower | Set | 1 |
| 73 | Aging oven | Set | 1 |
| 74 | Martindale abrasion tester | Set | 1 |
| 75 | Electronic balance | Set | 1 |
| 76 | Din abrasion resistance tester | Set | 1 |
| 77 | Servo control system universal testing machine | Set | 1 |
| 78 | Bursting strength tester | Set | 1 |
| 79 | Shoe flexing tester | Set | 1 |
| 80 | Crock meter | Set | 1 |
| 81 | Crock meter | Set | 1 |
| 82 | Taber type abrasion tester | Set | 1 |

| No. | Particular | Unit | Quantity |
|---|---|---|---|
| 83 | Discoloration meter | Set | 1 |
| 84 | Compression and deformation tester | Set | 1 |
| 85 | Perspiration tester | Set | 1 |
| 86 | Vertical rebound resilience tester | Set | 1 |
| 87 | Hydrostatic head tester | Set | 1 |
| 88 | Bally leathers flexing tester | Set | 1 |
| 89 | Hardness tester | Set | 1 |
| 90 | Plastic mixer machine | Set | 2 |
| 91 | Plastic mixer machine | Set | 1 |
| 92 | Plastic mixer machine | Set | 1 |
| 93 | 4 color extrusion machine | Set | 1 |
| 94 | 16-inch open mill | Set | 4 |
| 95 | 4-inch calendar | Set | 1 |
| 96 | 6-inch calendar | Set | 1 |
| 97 | Trough for powers going through ice water | Set | 1 |
| 98 | Cap plastic | Set | 2 |
| 99 | Second foaming hydraulic press machine | Set | 2 |
| 100 | Hydraulic rubber sole pressing machine | Set | 4 |
| 101 | Small foam oil hydraulic press machine | Set | 1 |
| 102 | IP injection machine | Set | 1 |
| 103 | Colling hydraulic machine | Set | 2 |
| 104 | Electric heated hydraulic machine | Set | 2 |
| 105 | Electric heated oven | Set | 4 |
| 106 | Cutting machine | Set | 1 |
| 107 | Inclined cutting machine | Set | 1 |
| 108 | Ice machine | Set | 2 |
| 109 | Cutting laser machine | Set | 2 |


| No | Particular | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5-30 |
|---|---|---|---|---|---|---|---|
| 1 | ARCH | Prs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 2 | Carton | Pc | 150,000 | 250,000 | 350,000 | 450,000 | 500,000 |
| 3 | EVA | Y | 32,665 | 54,830 | 76,995 | 98,694 | 109,660 |
| 4 | Foam | Y | 25,665 | 43,080 | 60,495 | 77,544 | 86,160 |
| 5 | Foxing (Rubber) | Prs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 6 | Hang tag | Pc | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 7 | Hang tag pin | Pcs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 8 | Hotmelt | Kg | 14,000 | 23,500 | 33,000 | 42,300 | 47,000 |
| 9 | Ink | Kg | 7,000 | 11,750 | 16,500 | 21,150 | 23,500 |
| 10 | Inner box | Pcs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 11 | Insole | Sht | 510,000 | 850,000 | 1,190,000 | 1,530,000 | 1,700,000 |
| 12 | Label | Pc | 3,000,000 | 5,000,000 | 7,000,000 | 9,000,000 | 10,000,000 |
| 13 | Leather (Synthetic) | Sqft | 2,868,135 | 4,814,370 | 6,760,605 | 8,665,866 | 9,628,740 |
| 14 | Non woven | Y | 14,935 | 25,070 | 35,205 | 45,126 | 50,140 |
| 15 | Out sole (rubber) | Prs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 16 | Paper | Pcs | 7,500,000 | 12,500,000 | 17,500,000 | 22,500,000 | 25,000,000 |
| 17 | Poly bag | Pcs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 18 | Reinforce | s.y | 1,172,265 | 1,967,730 | 2,763,195 | 3,541,914 | 3,935,460 |
| 19 | Shoe lace | Prs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |
| 20 | Synthetic | Y | 33,600 | 56,400 | 79,200 | 101,520 | 112,800 |
| 21 | Tape | Roll | 6,496 | 10,828 | 15,159 | 19,490.4 | 21,656 |
| 22 | Textile | Y | 126,900 | 211,500 | 296,100 | 380,700 | 423,000 |
| 23 | Thread | Bobn | 140,000 | 235,000 | 330,000 | 423,000 | 470,000 |
| 24 | Transfer paper | M | 5,503.5 | 9,172 | 12,840.05 | 16,509.6 | 18,344 |
| 25 | Fungicide | Pcs | 1,500,000 | 2,500,000 | 3,500,000 | 4,500,000 | 5,000,000 |

| No | Particular | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5-30 |
|---|---|---|---|---|---|---|---|
| 26 | Adhesive 108 | Kg | 5,640 | 9,545 | 13,450 | 17,181 | 19,090 |
| 27 | Adhesive 106 | Kg | 6945 | 11,720 | 11,720 | 21,096 | 23,440 |
| 28 | Toluene | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 29 | White electric oil | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 30 | Hotmelt | Kg | 6,510 | 10,850 | 15,190 | 19,530 | 21,700 |
| 31 | Liquid glue (285H) | Kg | 9,780 | 16,300 | 22,820 | 29,340 | 32,600 |
| 32 | TFR treatment agent (TR-401) | Kg | 6,080 | 10,205 | 14,330 | 18,369 | 20,410 |
| 33 | Treatment agent for rubber (RB-63K) | Kg | 6,080 | 10,205 | 14,330 | 18,369 | 20,410 |
| 34 | Only FU adhesive (PU-85F) | Kg | 6,945 | 11,720 | 16,495 | 21,096 | 23,410 |
| 35 | Treatment agent for Nylon (LN-12K) | Kg | 4,335 | 7,370 | 10,405 | 13,266 | 14,740 |
| 36 | Black high | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 37 | Cunning agent (RN) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 38 | Cunning agent (RF) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 39 | RB treatment agent | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 40 | Irradiation dose (UV-85H) | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 41 | PU adhesive (UV-85H) | Kg | 6,510 | 10,850 | 15,190 | 19,530 | 21,700 |
| 42 | Apt Water – binder (585) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 43 | Xanthan gum (CA-323) | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 44 | Treatment agent for PU (PU-6) | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 45 | Anti-butter leather primer (LY-106F) | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 46 | Oil leather primer (LY-105) | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 47 | Treatment agent for EVA (LY-71K) | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 48 | Integrated adhesive (RE-2SN) | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 49 | Rubber potion (RB-13) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 50 | Adhesive (LP-09) | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |

| No | Particular | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5-30 |
|---|---|---|---|---|---|---|---|
| 51 | Conductive cement | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 52 | Adhesive (390) | Kg | 6,510 | 5,425 | 15,190 | 19,530 | 21,700 |
| 53 | Mimeograph PU adhesive (808) | Kg | 3,255 | 10,850 | 7,595 | 9,765 | 10,850 |
| 54 | Vulcanized rubber (N-630) | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 55 | Vulcanized rubber (N-620) | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 56 | Irradiation dose (R-33) | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 57 | Irradiation dose (P-16) | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 58 | Water based vulcanized adhesive (A363W) | Kg | 3,255 | 5,425 | 7,595 | 9,765 | 10,850 |
| 59 | Packing treating agent (P-515) | Kg | 3,225 | 5,425 | 7,595 | 9,765 | 10,850 |
| 60 | Packing glue (P-515D) | Kg | 2,595 | 4,325 | 6,055 | 7,765 | 8,650 |
| 61 | Water hardener | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 62 | Color fixing agent | Kg | 645 | 1,075 | 1,505 | 1,035 | 2,150 |
| 63 | Oil leather/leather treating agent (LE-180N) | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 64 | PU | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 65 | Water-bone irradiation dose (UE-8SF) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 66 | Anti overflow color premier (F303H) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 67 | Color fixing agent (F313) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 68 | Feel glue | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 69 | Waterproof glue | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 70 | Thickening agent | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 71 | Defoamer | Kg | 645 | 1,075 | 1,505 | 1,935 | 2,150 |
| 72 | Super glue (808) | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |
| 73 | Natural rubber | Kg | 9,780 | 16,300 | 22,820 | 29,340 | 32,600 |
| 74 | Sewing machine oil | Kg | 1,950 | 3,250 | 4,550 | 5,850 | 6,500 |
| 75 | PP line oil | Kg | 1,290 | 2,150 | 3,010 | 3,870 | 4,300 |

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၂၄၄)၊ ကွင်းအမှတ်-၆၂၀-က/ မဲခုန်အနောက်ကွင်း/ OSS-79/ ကြေးတိုင်ပြင်ကွင်း၊ မြေဧရိယာ (၂၀.၀၅) ဧက (၁၆၁၈၇.၄၄ စတုရန်းမီတာ) တွင် တည်ရှိပါသည်။

## Vicsong (Myanmar) Footwear Company Limited မှ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ




Legend


Vicsong (Myanmar) Footwear Company Limited

## Vicsong (Myanmar) Footwear Company Limited မှ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan




1.Canteen 2.Clinic 3.Security Gate 4.Office Building 5.Fire Safety Pump & Underground Water Tank
6.Factory Building (Operation Area) 7.Chemical Storage Room 8.Generator Room 9.Factory Building(Extension) 10.Ferry Gate

## Vicsong (Myanmar) Footwear Company Limited မှ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် Vicsong (Myanmar) Footwear Company Limited မှ ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၇-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ (၁၄၅၁/၂၀၂၃) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် ဖိနပ်အပေါ်ပိုင်းချုပ်လုပ်ခြင်းအဆင့်တွင် ကုန်ကြမ်းများ ဖြတ်တောက်ခြင်း၊ ထုတ်လုပ်ရန်ပြင်ဆင်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ချုပ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဖိနပ်အောက်ပိုင်းချုပ်လုပ်ခြင်းအဆင့်တွင် ကော်စပ်ခြင်း၊ အောက်ခံပိုင်းဖြတ်ခြင်း၊ အောက်ခံတွဲစပ်ခြင်း၊ ထိုမှတစ်ဆင့် ဖိနပ်အပေါ်ပိုင်းနှင့် အောက်ပိုင်းပေါင်းစပ်ချုပ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းတို့ကိုဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် စက်ရုံဝန်းကျင်၌ အပင်များ စိုက်ပျိုးရန်၊

(၂) လုပ်ငန်းခွင်းအတွင်း လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) ဂျင်နရေတာအသုံးပြုရာမှ အခိုးအငွေ့ထွက်ရှိမှုလျော့နည်းစေရေးအတွက် မီးခိုးခေါင်းတိုင် တပ်ဆင်အသုံးပြုရန်၊

(၄) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Oil Traps နှင့် Septic Tank များအား ပုံမှန်သန့်ရှင်းခြင်းနှင့် စစ်ဆေးခြင်းတို့ ဆောင်ရွက်ရန်၊

(၂) သိုလှောင်ရာနေရာများအား သင့်လျော်သော အဖုံးအပိတ်များဖြင့် ဖုံးအုပ်ထား ရှိရန်၊

(၃) စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်နေရာ၌ ညစ်ညမ်းပစ္စည်းများ ပါဝင်မှုလျော့နည်း စေရေးအတွက် အလေးထားဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံ အချက်အလက်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **အနံ့စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ဆိုးများထွက်ရှိခြင်းမှ ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းလည်ပတ်သည့် နေရာ၌ Ventilation System ဆောင်ရွက်ထားရှိရန်၊

(၂) စက်ရုံအတွင်း လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ကောင်းမွန်သော လေဝင်လေထွက်စနစ် တပ်ဆင်ထားရှိပြီး ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများအတွက် အနံ့ဆိုးများထွက်ရှိခြင်းမှ ကာကွယ်နိုင်ရန်အတွက် (Personal Protective Equipment-PPEs) များ ထောက်ပံ့ပေးရန်၊

(၄) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား လုပ်ငန်းခွင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် အသံလုံသည့် ဂျင်နရေတာအခန်း တည်ဆောက်ထားရန်နှင့် စက်ပစ္စည်းကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်း ခြင်းများ ဆောင်ရွက်ရန်ရန်၊

(၂) စီမံကိန်းပတ်ဝန်းကျင်တွင် ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းရှိ ယာဉ်များကို အမြန်နှုန်းကန့်သတ်၍ မောင်းနှင် ရန်၊

(၃) ဆူညံသံထွက်ရှိမှုများသော နေရာတွင် လုပ်ငန်းဆောင်ရွက်ရသော ဝန်ထမ်း များအား လိုအပ်သည့် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) ထောက်ပံ့ ပေးရန်၊

(၄) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် အဆောက်အဦတစ်ခုချင်းစီ၌ သီးသန့်အမှိုက်ပုံးများ ထားရှိဆောင်ရွက်ရန်၊

(၂) စွန့်ပစ်အစိုင်အခဲများအား အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြား၍ သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ရန်၊

(၃) စွန့်ပစ်အစိုင်အခဲများနှင့် ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းပုံးခွံများအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ သတ်မှတ်နေရာတွင်စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အဆိုပါပစ္စည်းများထည့်သည့် ပုံးခွံများအား စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းပုံးခွံများအား ပြန်လည်ပြုပြင်ပေးမည့်သူများထံသို့ ပေးပို့သွားရန်နှင့် လိုင်စင်ရဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဇ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေအတွက် အလုပ်သမားများအား ရှေးဦးသူနာပြုစုနည်းသင်တန်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးသင်တန်း သို့မဟုတ် စက်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရန်အတွက် အရေးကြီးသင်တန်းများအား သင်ကြားပို့ချပေးထားရန်၊

(၂) လုပ်ငန်းဆောင်ရွက်နေသည့် အလုပ်သမားများအတွက် Earmuffs, Safety Gloves, Helmets, Goggles တို့အား ထောက်ပံ့ပေးရန်၊

(၃) လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုအား ကာကွယ်နိုင်ရန် ပုံမှန်စစ်ဆေးခြင်းနှင့် ကာကွယ်တိုင်းတာခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်ပြုပြင်ထိန်းသိမ်းသည့် ဝန်ထမ်းအား တာဝန်ပေးထားရန်၊

(၄) မီးဘေးကာကွယ်ရေးလမ်းကြောင်းပြမြေပုံ အသေးစိတ်ကို ပြုလုပ်ထားရှိရန်နှင့် ဝန်ထမ်းများအား အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများကျန်းမာရေးအတွက် ဆေးဘက်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းထားရှိရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံအား လုပ်ငန်းဧရိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) အနံ့နှင့် ဆူညံသံထွက်ရှိမှုတို့အား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်ရေအရည်အသွေးနှင့် စွန့်ပစ်အစိုင်အခဲတို့အား အပတ်စဉ် တိုင်းတာစစ်ဆေးရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့အား လစဉ် တိုင်းတာစစ်ဆေးရန်။

(ည) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဋ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၈၂) သိန်းခန့် လျာထားသုံးစွဲရန်၊

(၂) စွန့်ပစ်အစိုင်အခဲစွန့်ပစ်ရန်အတွက် တစ်လလျှင် ရန်ပုံငွေကျပ် (၄) သိန်းခန့် လျာထားသုံးစွဲရန်၊

(၃) Ventilation System အား ပြုပြင်ထိန်းသိမ်းရန်အတွက် တစ်နှစ်လျှင် ရန်ပုံငွေကျပ် (၁၂) သိန်းခန့် လျာထားသုံးစွဲရန်၊

(၄) စက်ရုံဝန်းအတွင်း၌ အပင်များစိုက်ပျိုးခြင်းအတွက် သုံးလလျှင် ရန်ပုံငွေကျပ် (၂) သိန်းခန့် လျာထားသုံးစွဲရန်၊

(၅) Personal Protective Equipment ဝယ်ယူရန်အတွက် တစ်လလျှင် ရန်ပုံငွေကျပ် (၂) သိန်းခန့် လျာထားသုံးစွဲရန်၊

(၆) ကျန်းမာရေးစစ်ဆေးမှုနှင့် ကျန်းမာရေးအာမခံအတွက် တစ်နှစ်လျှင် ရန်ပုံငွေကျပ် (၁၀) သိန်းခန့် လျာထားသုံးစွဲရန်၊

(၇) အရေးပေါ်အခြေအနေပြင်ဆင်မှုအတွက် တစ်လလျှင် ရန်ပုံငွေကျပ် (၄) သိန်းခန့် လျာထားသုံးစွဲရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၂၉) သိန်းခန့် လျာထားသုံးစွဲရန်၊

(၉) ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှုအား စစ်ဆေးခြင်းအတွက် ရန်ပုံငွေကျပ် (၆) သိန်းခန့် လျာထားသုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်ပြက်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော

စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှုလျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3 Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းသို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် (၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေ အရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် (၁.၂) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဓ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက

ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာတိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး

စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံ

[stamp]

အဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား

ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(ဂ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(င) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်

သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုး ပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ် အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။